၁၈ ကြိမ်မြောက် တနင်္ဂနွေ ဩဂုတ်လ ၄ ရက် ၂၀၂၄

ထွက် ၁၆း၂–၄၊ ၁၂–၁၅ယ ဖေက် ၄ါ ၁၇ယ ၂၀–၂၄၊ ယောဟန် ၆း၂၄–၃၅

ပြီးခဲ့တဲ့အပတ်က သခင်ဘုရားဟာ မုန့်ငါးလုံး ငါးနှစ်ကောင်နဲ့ များစွာသောလူတို့ကိုကျွေးမွေးခဲ့ကြောင်း တွေ့ရှိခဲ့ရပါတယ်။ ဒီနေ့ကျတော့သခင်ဘုရားကို လူတွေကလိုက်ရှာခဲ့ပါတယ်။ ကိုယ်တော်ကိုတွေ့တဲ့အခါ ကိုယ်တော် ဘယ်အချိန်အခါက ဒီနေရာကိုရောက်လာပါသလဲ လို့မေးခဲ့ကြပါတယ်။

ကိုယ်တော်က တန်ခိုးလက္ခာများကို မြင်ရလို့ သူ့ကိုလိုက်ရှာတာမဟုတ်ဘဲ ဝစွာစားရလို့ လိုက်ရှာခြင်းဖြစ်တယ် ဆိုပြီး လူတွေကို ပြန်ပြောခဲ့ပါတယ်။ မုန့်နဲ့ငါးကို ပွားများစေပြီး လူတွေကို ကိုယ်တော်ကျွေးမွေးခဲ့တယ်ဆိုတာ ခန္ဓာရဲ့ဆာလောင်ခြင်းကို ဖြည့်စွမ်းခြင်းထက် ပိုပြီးနက်ရှိုင်းတဲ့အဓိပ္ပာယ်ကိုဖော်ဆောင်တယ် ဆိုတဲ့အကြောင်းကို လူတွေသတိမထားမိလိုက်ပါဘူး။ ဆက်ပြီးတော့ ကိုယ်တော်ကို တန်ခိုးလက္ခာများထပ်မံတောင်းဆိုခဲ့ပါတယ်။ သခင်ဘုရားပြန်ပြောတာက– မောရှေသည် ကောင်းကင်မုန့်ကိုသင်တို့အားမပေး၊ ခမည်းတော်သည် မှန်သောကောင်းကင်မုန့်ကို သင်တို့အားပေးတော်မူ၏။ ဘုရားသခင်၏မုန့်မူကား ကောင်းကင်မှဆင်းသက်၍ လောကီသားတို့အားအသက်ကိုပေးသော မုန့်ပေတည်းဟုမိန့်တော်မူလျှင် သခင်၊ ထိုမုန့်ကို အကျွန်ုပ်တို့အား အစဉ်မပြတ်ပေးတော်မူပါဟု လျှောက်ကြ၏။ သခင်ဘုရားက ငါသည်အသက်မုန့်ဖြစ်၏။ သခင်ဘုရားရဲ့ ဘုရားအဖြစ်တော်ကိုဖော်ပြတဲ့ စကားလုံးဖြစ်တဲ့ ငါသည် ဆိုတာ အကြိမ်များစွာတွေ့ရပါတယ်။

ငါသည် လောက၏အလင်းဖြစ်၏။ (ယောဟန် ၈း၁၂၊ ၉း၅)

ငါသည် တံခါးဝဖြစ်၏။ (ယောဟန် ၁၀း၇၊ ၉)

ငါသည် ကောင်းသောသိုးထိန်းဖြစ်၏။ (ယောဟန် ၁၀း၁၁၊ ၁၄)

ငါသည် ရှင်ပြန်ထမြောက်ခြင်းနှင့် အသက်လည်းဖြစ်၏။ ( ယောဟန်၁၁း၂၅)

ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားဖြစ်၏။ အသက်လည်းဖြစ်၏။ (ယောဟန် ၁၄း၁၆)

ငါသည် စပျစ်နွယ်ဖြစ်၏။ (ယောဟန် ၁၅း ၁၊ ၅)

အဲဒီတော့ ကိုယ်တော်ရဲ့အသက်မုန့်တော်ဟာ ဘယ်ကဲ့သို့အရာဖြစ်ပြီး၊ ဘယ်လိုကျွန်ုပ်တို့ရရှိနိုင်ရမှာလဲ။ (ယောဟန် ၆း၃၅) မှာ– ငါသည်အသက်မုန့်ဖြစ်၏။ ငါ့ထံသို့လာသောသူသည် နောက်တဖန်အဆာအမွတ်မခံရ။ ငါ့ကိုယုံကြည်သောသူသည် နောက်တဖန်ရေငတ်မခံရ။

၁။ ကျွန်ုပ်တို့ဟာ ဝိညာဉ်ရေးဆိုင်ရာအဟာရကို ဘုရားရဲ့နှုတ်ကပတ်တော်နဲ့ ကိုယ်တော်မြတ်စက္ကရင်မင်တူးကနေရရှိပါတယ်။ မဿားတရားတော်အတွင်း သာသနာတော်ကြီးက ကျွန်ုပ်တို့ကို အဟာရ (မုန့်တော်) နှစ်မျိုးနှစ်စားကို ပေးသနားတော်မူပါတယ်။ အဲဒါတွေကတော့ နှုတ်ကပတ်တော်မှာပါဝင်တဲ့ အသက်မုန့်တော်နဲ့ ကိုယ်တော်မြတ်စက္ကရင်မင်တူးမှာပါဝင်တဲ့ အသက်မုန့်တော်တို့ဖြစ်ကြပါတယ်။ ကျွန်ုပ်တို့အထဲက များစွာသောသူများဟာ၊ အပတ်စဉ်အပတ်တိုင်း၊ လောကနဲ့ဆိုင်တဲ့ကျွန်ုပ်တို့ရဲ့လိုအပ်ချက်များကိုသာ ယဇ်ပလ္လင်ပေါ်မှာ တင်ပြတတ်ပြီး၊ ဝိညာဉ်ရေးဆိုင်ရာအဟာရဖြစ်တဲ့ နှုတ်ကပတ်တော်နဲ့ ကိုယ်တော်မြတ်ကို လစ်လျူရှုထားတတ်တဲ့သဘောရှိပါတယ်။ ကောင်းကင်ဘုံရဲ့ မန္နာမုန့်နဲ့ ကျွန်ုပ်တို့ရဲ့စိတ်နှလုံးစိတ်ဝိညာဉ်ကို ကျွေးမွေးပြီး သခင်ယေရှုကို ကျွန်ုပ်တို့ရဲ့နေအိမ်၊ ကျွန်ုပ်တို့ရဲ့လုပ်ငန်းခွင်ကိုယ်သယ်ဆောင်သွားပြီး၊ ကိုယ်တော်ရဲ့ ချစ်ခြင်းနဲ့ သနားကြင်နာခြင်း တို့ကို ကျွန်ုပ်တို့ရဲ့ဝန်းကျင်မှာ ပေါ်လွင်အောင် ပေါ်ပြရမှာဖြစ်ပါတယ်။

တခါတလေ တချို့သောသူများဟာ မုန့်နဲ့စပျစ်ရည်ရဲ့အဆင်းသဏ္ဍာန်အောက်မှာရှိတဲ့ သခင်ယေရှုကို မြတ်နိုးတန်ဘိုးထားတတ်ဘို့ မလွယ်ဘူး ဖြစ်တတ်ပါတယ်။ ဒါပေမဲ့ ဘုရားရဲ့ရက်ရောခြင်းကို ကျွန်ုပ်တို့က လွယ်လွယ်နဲ့ ပေါ့ပေါ့တန်တန်ဘဲ မမှတ်ယူရပါဘူး။ ပြင်ဆင်မှုမရှိခြင်း၊ အာရုံမစိုက်ခြင်း၊ သင့်တင့်လျောက်ပတ်သောရှိသေခြင်းမရှိဘဲ မဖြစ်စေရပါဘူး။ အခုအချိန်

ကျွန်ုပ်တို့ပါဝင်ပူဇော်တဲ့ မစ္ဆားတရားတော်နဲ့ ကျွန်ုပ်တို့ပင့်ယူတဲ့ကိုယ်တော်မြတ်ဟာ သခင်ယေရှုကိုယ်တော်တိုင်ဖြစ်တယ်ဆိုတာ ကျွန်ုပ်တို့သတိရကြရမှာ ဖြစ်ပါတယ်။ ဤမုန့်ကို ကျွန်ုပ်တို့အား အစဉ်ပေးသနားတော်မူပါ ဆိုပြီးကျွန်ုပ်တို့ဆုတောင်းကြရမှာဖြစ်ပါတယ်။

၂။ ကိုယ်တော်မြတ်စက္ကရင်မင်တူးကို ထိုက်တန်စွာပင့်ယူခြင်းအားဖြင့် ဝိညာဉ်အသက်တာအတွက် လိုအပ်သောခွန်အားကို ကျွန်ုပ်တို့ ရယူကြပါစို့။ ကိုယ်တော်မြတ် စက္ကရင်မင်တူးအားဖြင့် သခင်ယေရှုကိုပင့်ယူတဲ့အခါမှာ (၁) ဘုရားရဲ့လုပ်ငန်းတော်ကို လောကကမ္ဘာမှာသယ်ဆောင်သွားဖို့အတွက် ခွန်အားကို ပေးသနားတော်မူပါတယ်။ (၂) ဘုရားရဲ့အလိုတော်အတိုင်း အသက်ရှင်နေထိုင်နိုင်ဖို့အတွက် ကူညီမစပါတယ်။ (၃) ကျွန်ုပ်တို့ရဲ့အသက်တာမှာ ဘုရားရဲ့အလိုတော်ကိုသိရှိနိုင်ဖို့အတွက် နှိုးဆော်ပါတယ်။ (၄) ကိုယ်တော်မြတ် စက္ကရင်မင်တူးမှာ သခင်ယေရှုအမှန်စင်စစ်ရှိတော်မူကြောင်းကို ပိုပြီးနက်ရှိုင်းစွာ နားလည်စေပါတယ်။ (၅) သူတပါးကိုချစ်ခင်မြတ်နိုးနိုင်ဖို့ အဖွဲ့အစည်းကို ခွန်အားပေးဖို့ ကျွန်ုပ်တို့ကိုအားအင်ပေးသနားတော်မူပါတယ်။ (၆) စုံစမ်းနှောက်ယှက်ခြင်းနဲ့ အပြစ်များကို ရှောင်ကြဉ်နိုင်ဖို့အတွက် ကျေးဇူးတော်ကိုပေးသနားတော်မူပါတယ်။ (၇) ခရစ်တော်ဟာ ကျွန်ုပ်တို့အထဲမှာအသက်ရှင်နေပါတယ် ပြီးတော့ ကောင်းကင်နိုင်ငံတော်ဆီသို့ ကျွန်ုပ်တို့ကိုပို့ဆောင်တော်မူပါတယ် ဆိုတာကို သိရှိလို့ ကျွန်ုပ်တို့ရဲ့ စိတ်ဝိညာဉ်အတွက် ပျော်ရွှင်ဝမ်းမြောက်ခြင်းနဲ့ ငြိမ်းချမ်းသာယာခြင်းကို ပေးသနားတော်မူပါတယ်။ ကိုယ်တော်မြတ်ကို ကျွန်ုပ်တို့ စိတ်နှလုံး စိတ်ဝိညာဉ်တခုလုံးဖြင့် ပင့်ယူကြရမှာ ဖြစ်ပါတယ်။ အသက်ရဲ့မုန့်တော်ဟာ ရှင်ပြန်ထမြောက်တော်မူသော ခရစ်တော်ဘုရားကိုယ်တော်တိုင်ဖြစ်ပြီး၊ ရိုးရိုးသာမာန်မုန့်မဟုတ်ဘူးဆိုတာကို ကျွန်ုပ်တို့သတိရကြရမှာဖြစ်ပါတယ်။

(၃) မုန့်နဲ့ငါးကို သခင်ဘုရားပွားများအောင်ပြုခဲ့သကဲ့သို့ ကျွန်ုပ်တို့များလည်း ကောင်းသောအလုပ်များကို ပွားများအောင် ပြုလုပ်ရမှာ ဖြစ်ပါတယ်။ ၂၀၁၅ ဇူလိုင် ၂၆ ရက်နေ့မှာ ပုပ်ရဟန်းမင်းဖရန်စစ်မိန့်တော်မူခဲ့သည်မှာ–သခင်ဘုရားဟာ

ကျွန်ုပ်တို့ ခန္ဓာအတွက် ဆာလောင်ခြင်းကို ဝလင်စေတော်မူသည်သာမက၊ ဘဝအဓိပ္ပာယ်ကိုဆာလောင်ခြင်း၊ ဘုရားကိုဆာလောင်ခြင်း ဆိုတဲ့အချက်များကိုလည်း ပြည့်ဝစေပါတယ်။ ဝေဒနာတွေနဲ့ရင်ဆိုင်ရတဲ့အခါ၊ အထီးကျန်တဲ့အခါ၊ ဆင်းရဲခြင်းနဲ့ ဒုက္ခအမျိုးမျိုးကို လူအများရင်ဆိုင်တွေ့ကြုံရတဲ့အခါ၊ ကျွန်ုပ်တို့ မည်သည့်အရာများလုပ်ဆောင်နိုင်ကြမှာလဲ။ ညည်းတွားနေလို့တော့ဘာမှမဖြစ်လာပါဘူး။ ဒါပေမဲ့ ကျွန်ုပ်တို့မှာရှိတဲ့ သေးငယ်သောအရာများကို ဆက်ကပ်ပူဇော်နိုင်ပါတယ်။ ကျွန်ုပ်တို့ရဲ့အနည်းငယ်သောအချိန်၊ အချို့သောအရည်အချင်း၊ ကျွန်ုပ်တို့ရဲ့ကျွမ်းကျင်မှုများကို ဆက်ကပ်နိုင်ပါတယ်။ မုန့်ငါးလုံးနဲ့ငါးနှစ်ကောင်နဲ့တူတဲ့ ကျွန်ုပ်တို့ရဲ့ သေးငယ်တဲ့ကျေးဇူးတော်များ မရှိပါဘူးလို့ ဘယ်သူပြောမှာလဲ။ ဘုရားရဲ့လက်တော်မှာ ဒါတွေကိုဆက်ကပ်အပ်နှံဘို့ဆန္ဒရှိတယ်ဆိုရင် ပို၍ကြီးမားတဲ့ မေတ္တာကို လောကကမ္ဘာဆီသို့သယ်ဆောင်သွားနိုင်မှာဖြစ်ပါတယ်။ ပိုပြီးကြီးမားတဲ့ချစ်ခြင်း၊ ငြိမ်းချမ်းသာယာခြင်း၊ တရားမျှတခြင်း၊ ပျော်ရွှင်ခြင်းကိုပို့ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ဘုရားဟာ ကျွန်ုပ်တို့ရဲ့သေးငယ်သောအင်အားများ၊ လုပ်ဆောင်ချက်များကို ပွားများစေနိုင်ပါတယ်ဆိုပြီး ပုပ်ရဟန်းမင်းဖရန်စစ်က မိန့်ခဲ့ပါတယ်။

ကျွန်ုပ်တို့ဟာ အသက်မုန့်တော်ရဲ့ ခွန်အားတန်ခိုးနဲ့ ပြည့်ဝတယ် မပြည့်ဝဘူးဆိုတာ ကျွန်ုပ်တို့ရဲ့အသက်တာကို ဘယ်လိုဘယ်ပုံနေထိုင်နေပါသလဲ။ ရှင်သန်ခြင်းနဲ့ ဘဝအသက်တာရဲ့အဓိပ္ပာယ်ကို ဆာလောင်သူများအတွက် ကျွန်ုပ်တို့မှာရှိတဲ့အရာများကို ဘယ်လိုဘယ်ပုံ ဝေငှသလဲ ဆိုတဲ့အပေါ်မှာ မူတည်ပါတယ်။ ဒီကနေ့ ဒုတိယကျမ်းမှာ ကျွန်ုပ်တို့ကိုသွန်သင်တဲ့ သံပေါလူးရဲ့ အသံကို အမြဲတမ်းကြားယောင်နေကြပါစို့–အဲဒါကတော့– ဖေက် ၄း၂၃ ၊ ၂၄ မှာ– စိတ်နှလုံးသဘောသစ်ကိုရပြီးလျှင် မှန်သောဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းပါရမီအားဖြင့် ဘုရားသခင်နှင့်အတူအမျှ ဖန်ဆင်းသောလူသစ်ကို ယူတင်ဝတ်ဆင်ရမည်–ဆိုပြီး ပြည့်နှင့်ထားပါတယ်။

သခင်ဘုရား၌အသစ်သောအသက်တာကို ရယူပိုင်ဆိုင်နိုင်ဘို့ ကြိုးစားကြပါစို့–